၂၀၁၈ ခုနှစ် မေလ ၈ ရက်နေ့

<u>မီဒီယာဖိတ်ကြားလွှာ - **"အခြေခံလူတန်းစား၏ဒီမိုကရေစီ - ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေအား သုံးသပ်ခြင်း"** စာတမ်းတို မိတ်ဆက်ပွဲ</u>

၂၀၁၈ ခုနှစ် အစောပိုင်းတွင် ပြုလုပ်ခဲ့သော ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးကောက်ပွဲသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ၂၀၁၆ ခုနှစ်တွင် ပြင်ဆင်အတည်ပြုပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးဆောင်သော အစိုးရလက်ထက်တွင် ပထမဆုံး ကျင်းပပြုလုပ်သော ရွေးကောက်ပွဲ ဖြစ်သည်။ တတိယအကြိမ် ပြင်ဆင်အတည်ပြုလိုက်သော အဆိုပါဥပဒေတွင် တိုးတက်မှုတချို့ကို ထည့်သွင်းပြင်ဆင်ထားသော်လည်း ပိုမိုကောင်းမွန်သည့် တိုးတက်ပြောင်းလဲရေးအတွက် လိုအပ်ချက် များစွာ ရှိနေသေးပြီး ဒီမိုကရေစီ၊ တက်ကြွသောနိုင်ငံသားဖြစ်မှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိသော ဒေသန္တရအုပ်ချုပ်ရေး ဖြစ်ရန်အတွက် ပြည်သူလူထုမှ ၎င်းတို့၏ အခြေခံဒီမိုကရေစီ အခွင့်အရေး ကျင့်သုံးခွင့်ကို ခွင့်ပြုနိုင်သော အုပ်ချုပ်ရေးစနစ်အဆောက်အအုံပိုင်းဆိုင်ရာ နှင့် လုပ်ငန်းစဉ်ကို ဖော်ဆောင်ပေးရန် လိုအပ်နေသေးသည်။

ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှုကော်မတီ နှင့် ရှေ့ပြေးအသံအဖွဲ့ တို့မှ ပူးတွဲထုတ်ပြန်မည့် ဤစာတမ်းတိုသည် ဒေသန္တရဒီမိုကရေစီအပေါ် အရပ်ဘက်လူထုအဖွဲ့အစည်းများမှ တင်ပြထားသော ဆန်းစစ်သုံးသပ်ချက်များနှင့် အကြံပြုတိုက်တွန်းချက်များ၊ လူထုအသိုင်းအဝန်း၏ စိုးရိမ်ပူပန်မှုများ၊ အမြင်ခန့်မှန်းချက်များနှင့် အကြုံတိုက်တွန်းချက်များအပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေဆိုင်ရာ လူထုအသိုင်းအဝိုင်း၏ အခြေခံအခွင့်အရေး၊ ကိုယ်စားပြုမှုနှင့် ပူးပေါင်းပါဝင်မှုများအပေါ် သုံးသပ်တင်ပြထားခြင်းဖြစ်သည်။

အကြောင်းအရာ။ ။ "အခြေခံလူတန်းစား၏ဒီမိုကရေစီ - ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား သုံးသပ်ခြင်း" စာတမ်းတို မိတ်ဆက်ပွဲ။

နေ့ရက်။ ။ ၂၀၁၈ ခုနှစ် မေလ ၁၃ ရက်နေ့ (တနင်္ဂနွေနေ့)၊ ညနေ ၃ နာရီ မှ ၅ နာရီထိ

နေရာ။ ။ Orchid Hotel Yangon

*ဤသတင်းစာရှင်းလင်းပွဲတွင် မြန်မာဘာသာဖြင့်သာ ဆွေးနွေးသွားမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာအတွက် ဘာသာပြန်ပေးရန် မရှိကြောင်း ကြိုတင်အသိပေးအပ်ပါသည်။*

<u>ပါဝင်ဆွေးနွေးမည့်ပုဂ္ဂိုလ်များ</u>

၁။ သဉ္ဇာရှုန်းလဲ့ရည်၊ စည်းရုံးလှုံ့ဆော်ရေးမှူး၊ ဒီမိုကရေစီဖွံ့ဖြိုးရေးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု ကော်မတီ

၂။ ရဲမင်းနောင်၊ ဦးဆောင်ညှိနှိုင်းရေးမှူး၊ ဒီမိုကရေစီဖွံ့ဖြိုးရေးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု ကော်မတီ

၃။ အောင်ခိုင်းမင်း၊ အမှုဆောင်ညွှန်ကြားရေးမှူး၊ ရှေ့ပြေးအသံအဖွဲ့

ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်။ ။

၁။ သဉ္ဇာရှုန်းလဲ့ရည်၊ စည်းရုံးလှုံ့ဆော်ရေးမှူး၊ ဒီမိုကရေစီဖွံ့ဖြိုးရေးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု ကော်မတီ၊ +95 (0) 9 795574775၊ thinzarshunleiyi@gmail.com (မြန်မာ/အင်္ဂလိပ်ဘာသာ)

၂။ ရဲမင်းနောင်၊ ဦးဆောင်ညှိနှိုင်းရေးမှူး၊ ဒီမိုကရေစီဖွံ့ဖြိုးရေးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု ကော်မတီ + 95 (0) 9 401571918၊ yeminnaung802@gmail.com (မြန်မာဘာသာ)